### (၄) ခါးရိုးရောဂါ (Damping-off)

**ရောဂါဖြစ်စေသောသက်ရှိ-** ***Pythium aphanidermatum*** **(Edson) Fitzp.**

### ရောဂါလက္ခဏာများ

ပျိုးပင်ပေါက်များနှင့် အပင်ငယ်များ၏ မြေပြင်နှင့် ထိစပ်သောနေရာတွင် ရေစိုနာ ကွက်ဖြစ်ပေါ် ပြီးနောက်ပိုင်း ခါးရိုးလာကာအပင်ယိုင်လဲသည်။ တစ်ချို့အပင်များမှာမြေပေါ်သို့ ပေါ်ထွက် မလာမီသေသွားသည်။





### ကာကွယ်နှိမ်နင်းနည်းများ

- ပျိုးခင်းများ၊ စိုက်ခင်းများတွင် ရေမဝပ်စေရန်၊ မြေကျပ်ခြင်းမဖြစ်စေရန်ဆောင်ရွက်ပါ။
- ပျိုးပင်များအား ပင်လုံးပြန့် အာနိသင်ရှိသော Azoxystrobin (အဇိုဆီစထရိုဘင်)၊ Metalaxyl (မီတယ်လဆီ) မှိုသတ်ဆေးဖျော်ရည်တွင် ခဏနှစ်ပြီး မှစိုက်ပျိုးပါ။
- ရောဂါစတင်ကျပါက Azoxystrobin (အဇိုဆီစထရိုဘင်)၊ Metalaxyl (မီတယ်လဆီ)၊ Captan (ကက်ပ်တန်)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်) ဆေးများကို အပင်နှင့် အပင်ခြေ ရင်းများသို့ ရွဲရွဲဖျန်း ပေးပါ။